

BEFORE HE WAS
AQUAMAN
UNDERTOW
AN ORIGINAL NOVEL
ဘာသာပြန် – ကျော်မျိုးနိုင်

# AQUAMAN UNDERTOW

## မိတ်ဆက်

ဒီစာအုပ်ဟာ Before He Was Aqua Man လို့ ပြောထားတဲ့ အတိုင်းပဲ အတ္တလန်တစ် ရေအောက် တိုင်းပြည်ရဲ့ ဘုရင်တစ်ပါး ဖြစ်မလာသေးတဲ့ ဆယ့်သုံးနှစ်သား အရွယ် အာသာကာရီရဲ့ ငယ်ဘဝကို ရေးသား ပုံဖော်ထားတဲ့ prequel ဇာတ်လမ်း တစ်ပုဒ် ဖြစ်ပါတယ်။

ဒီစာအုပ်လေးကို ဖတ်လိုက်တဲ့ အချိန်မှာ ကျွန်တော်တို့ ရုပ်ရှင်ကားထဲ မှာ ကြည့်ရတဲ့ ဆံပင်ရှည်ရှည် ကိုယ်ပေါ်မှာ တက်တူးအပြည့်နဲ့ လူထွားကြီး Jason Momoa ရဲ့ ပုံစံကို မေ့သွားပြီး တစ်မျိုးတစ်ဖုံ ဆန်းသစ်နေတဲ့ အာသာကာရီလေးကို မြင်ရမှာ ပါ။ လူတွေရဲ့ သဘာဝကလည်း ဇာတ်ကောင် တစ်ကောင်ကို အရွယ်ရောက်ပြီးသား ပုံစံနဲ့ မြင်ရတာထက် ကလေးဘဝ အရွယ်က စတင် ထိတွေ့ရတာက ပိုပြီး ရင်းနှီးစေတတ်တဲ့ သဘောရှိတယ် မလား။ ဘော်ဒါတစ်ယောက် အပေါင်းအသင်းတစ်ယောက်လို ဒါမှ မဟုတ် ဒီကောင့်ကို ငယ်ငယ်လေး ကတည်းက ငါသိတာပေါ့ ဆိုတဲ့ ဖီလင်မျိုး ရစေပါတယ်။ ဒါကြောင့်မို့လို့ လည်း Aqua Man ရုပ်ရှင်ကား မထွက်သေးမီမှာ ဇာတ်လမ်းကို ပိုပြီး လေးလေးနက်နက် ခံစားနိုင်စေဖို့ အကြိုသဘောနဲ့ Novelize လုပ်ပြီး ဒီစာအုပ်ကို ထုတ်ဝေခဲ့တာပါ။

စိတ်ဝင်စားစရာ ကောင်းသလို ချစ်စရာလည်း ကောင်းတဲ့ ဇာတ်လမ်းလေး ဖြစ်တာမို့ Aqua Man ရဲ့ ငယ်ဘဝလေးကို ဝင်ရောက် ခံစား ကြည့်ကြရအောင်ပါ။

***

နိဒါန်း

"မင်းပြဿနာက ဘာလဲသိလား... အဲဒီမှာ ထိုင်ပြီး ဘဝပြောင်းလဲလာမှာ ကို စောင့်နေတာပဲ... မင်း ထသွားပြီးတော့ ပြောင်းလဲအောင် လုပ်ရမှာ လေ... အတော်လေး အမြော်အမြင် ရှိတဲ့ စကားပဲ... ဟုတ်တယ်ဟုတ်..."

ရေပြင်က တစ်နှစ်ပတ်လုံးတွင် သည် အချိန်၌ နွေးထွေးနေသည် ။ သို့သော် ခြေတစ်ဖက်ကို ပင်လယ်ရေပြင်ထဲသို့ နှစ်ထားသည့် အာသာကာရီအတွက် သတိပြုမိသည် ဆိုရုံလောက်သာ ဖြစ်သည် ။ အတွေးထဲတွင် အလွန်နစ်မျော နေသဖြင့် ရေထု၏ အပူချိန်ကို သူ သိပ်ဂရုမပြုမိပေ။ မည်သို့ပင် ဖြစ်စေ ဤအရာများကို သူ ဘယ်တုန်းကမှ အသေအချာ ဂရုမပြုဖူးခဲ့ပေ။

ကမ္ဘာ့ သမုဒ္ဒရာကြီးများ ၏ အနက်ရှိုင်းဆုံး နေရာများမှ ရေထုဖိအား၏ ဖိနှိပ်မှုအောက်တွင် ရှင်သန်နိုင်သူ တစ်ယောက်အတွက် ရေပြင်၏ ပူခြင်း အေးခြင်းတို့ မှာ အမှန်တကယ်ပင် အရေးမစိုက် လောက်စရာ မဟုတ်ပါလား။

"မင်း ဘာပြောမယ် ဆိုတာ ငါသိတယ်... ကောင်းပြီ... မင်းကော ဘာတွေ ဖြစ်မြောက်အောင် လုပ်ပြီးပြီလဲ... ဒီမေးခွန်းက မှူတ ပါတယ်နော်... ဒါပေမဲ့ ငါကတော့ တကယ့်ကို များများ စားစား လုပ်ခဲ့ပြီးပြီ... အများကြီး လုပ်ပြီးသွားပြီ... ဒီနေ့မနက် မနက်စာ မစားခင်ကတောင်..."

အာသာက သူထိုင်နေသော ဆိပ်ခံတံတားကို ငုံ့ကြည့် လိုက်သည် ။ သူ့ခြေထောက်များကို တံတားဘေးမှ တွဲလောင်း ချထား၏။ ရေပြင်ကို ငေးစိုက် ကြည့်နေရင်း သူ့မျက်လုံးက ပင်လယ် ရေမျက်နှာပြင်မှ ပေါ်ရုံလေးမျှသာ ထွက်လာသော အခြားမျက်လုံး တစ်စုံနှင့် တွေ့ဆုံသွားသည် ။

"ငါ့ကို ဒီလိုမျိုး မကြည့်စမ်းနဲ့ ..."

အာသာက ပြောလိုက်ရင်း လက်တစ်ချက် ဝှေ့ယမ်းပြီး ရေထဲမှ မျက်လုံးကို ဖယ်ရှား ပစ်လိုက်သည် ။

"ငါ့ကို ပေစောင်းစောင်းနဲ့ ပြန်ကြည့် နေသေးတယ်ပေါ့... ဟုတ်လား ..."

သူက နောက်ဘက်ကို ကြည့်လိုက်ရာ မီးပြတိုက် တစ်ခုကို မြင်လိုက်ရသည် ။ သူ သိတတ်စ အရွယ်လောက်ကပင် ဤနေရာကို အိမ်ဟု ခေါ်လာခဲ့ရသည် ။

ငါ ထွက်မသွားခင် အထိတော့ အိမ်ပေါ့လေ။

"အိုကေ... ဒါက ဒီလိုမျိုးပဲ ဖြစ်လာရမှာ ပဲလေ... မဟုတ်ဘူး လား..."

အာသာက ဒေါကန်စွာ ပြောလိုက်သည် ။

"ကောင်းပြီ...ငါ ပွဲဦးထွက် အနေနဲ့ ကမ္ဘာကြီးကို ကယ်တင်ခဲ့တယ်... ဒါ အတော်လေး ကောင်းတဲ့ ကိစ္စပဲ ဟုတ်တယ်မလား ... ဒါက တစ်ခုခု

ကို လုပ်နေတာပဲ ... မင်းကော ကမ္ဘာကြီးကို ကယ်ဖူးလို့ လား ... ကယ်ဖူးလား..."

အာသာက မည်သည့်အခါမျှ ပြန်လာမည် မဟုတ်သော တံ့ပြန်စကားကို စောင့်ဆိုင်းနေသလို ခဏမျှ ဆိုင်းငံ့ နေလိုက်သည် ။

"ဟုတ်တယ် ... ဒါ ငါ့ရဲ့ အတွေးပဲ..."

သူ့အာရုံက မီးပြတိုက်ဆီသို့ ပြန်ရောက်သွားပြီး အတွေးထဲတွင် ငယ်ဘဝပုံရိပ်များ စီးမျော ဝင်ရောက်လာသည် ။ အများ စုက ပျော်ရွှင်ဖွယ် အမှတ်တရများ ပင်။ သူ့ အဖေ့ကို ကမ္ဘာကြီး၏ အစမှ အဆုံးအထိ အမြင့်မားဆုံး တောင်ထွတ်ပေါ်မှ သမုဒ္ဒရာ၏ မဟာ အနက်ရှိုင်းဆုံး နေရာအထိ ချစ်မြတ်နိုးသည် ။ သမုဒ္ဒရာကြီး...

"ငါ ဘယ်လိုဖြစ်ပြီး မင်းကို ဒါတွေအားလုံး ပြောပြနေမိပါလိမ့် ... အချိန်ဖြုန်း နေတာပဲ ... ငါ မှားတယ်လို့ မပြောနဲ့ ... မင်းနဲ့ တွေ့ရတာတော့ ဝမ်းသာပါတယ် ... ဒါပေမဲ့ ငါ အဖေ့ကို စောင့်ရဦးမယ်..."

တွန်ကာရီ... မီးပြတိုက်စောင့်။ ဒါဟာ အာသာ သိတတ်စ အရွယ်ကတည်းက သူ့ဖခင်၏ အလုပ်ဖြစ်သည် ။ သင်္ဘောများ ထိခိုက် ပျက်စီးမှု မရှိအောင် ကမ်းခြေများကို စောင့်ကြပ် ပေးရသည် ။ အချက်ပြမီးကို ထိန်းသိမ်းရပြီး နေ့စဉ်ပုံမှန် အလုပ်လုပ်ရန် အသေအချာ ပြင်ဆင် ပေးရသည် ။ ယနေ့ခေတ်တွင် မီးပြတိုက်များမှာ ပို၍ ပို၍ အလိုအလျောက် စနစ်များ အသုံးပြု လာကြသော်လည်း အမ်နက်စ်တီ ပင်လယ်အော်မှ မီးပြတိုက်မှာ တော့ လူကွပ်ကဲမှု လိုအပ်နေဆဲ ဖြစ်၏။ သူ့အဖေမှာ ဤအလုပ်ကို အလေးအနက်ထား လုပ်ကိုင်သော်လည်း သူကိုယ်တိုင်ကတော့ လေးနက်သူ မဟုတ်ပေ။ တွန်မှာ ဟာသ ဉာဏ်ရှိသူ တစ်ဦးဖြစ်ပြီး သူ့သားကိုလည်း ထိုအကျင့် စရိုက်ကို မွေးမြူပေးခဲ့သည် ။ ဟာသမှာ

ကာရီတို့ အိမ်၏ အခိက ထုတ်ကုန်တစ်ခု ဖြစ်၏။

တစ်ခါတစ်ရံတွင် ရယ်မောခြင်းကသာ သူတို့ ပိုင်ဆိုင်သမျှ အရာဖြစ်သည် ။ ဟာသဉာဏ်က အာသာ၏ အတော်လေး ကြမ်းတမ်းခဲ့သော ငယ်ဘဝ အဖြစ်အပျက် တချို့ကို ကြံ့ကြံ့ခံနိုင်ဖို့ အထောက်အကူ ဖြစ်ခဲ့သည် ။

"သူ ဒီကို အချိန်မရွေး ရောက်လာတော့မယ်..."

ရေထဲမှ ပေါ်လာလိုက် မြုပ်သွားလိုက် ဖြစ်နေသည့် မျက်လုံးအစုံကို ကြည့်ရင်း အာသာက ပြောလိုက်သည် ။

"သိတယ် ... သိပါတယ် ... ငါ တစ်ယောက်တည်း အစောကြီး ရောက်နေတာ ထူးဆန်းနေမှန်း သိပါတယ်ကွာ..."

သူက ထရပ်ပြီး ရေမျော ကမ်းတင်သစ် အပိုင်းအစ တစ်ခုကို ကောက်ယူကာ လေထဲသို့ မြှောက်တင် လိုက်သည် ။

"သွား ... တုတ်ချောင်းကို သွားယူလိုက် ... သွားလေ ... ပြန်ယူလာခဲ့ . .."

သစ်ကိုင်းကို ရေဘဝဲ၏ ခေါင်းပေါ်မှ ကျော်၍ ပစ်လိုက်သည် ။ သစ်ကိုင်းက ပေတစ်ရာခန့် အဝေးသို့ လွင့်သွားပြီး ပင်လယ်ထဲသို့ ကျဆင်းသွားရာ အဝေးမှ ပလုံခနဲ မြည်သံ ထွက်ပေါ်လာ၏။

ရေဘဝဲက တုတ်တုတ်မျှ မလှုပ်ပေ။ မျက်တောင်လည်း မခတ်သလို ဘာမှ လည်း မလုပ်ပေ။

"တို့ တွေ ဒါကိုလည်း အလုပ်ဖြစ်အောင် ကျင့်ရဦးမှာ ပဲ ငါ့ကောင်ရေ ..."

အာသာက ပြောလိုက်သည်။

သူက ထရပ်လိုက်ပြီး တက်တူး ထိုးထားသော ရင်ဘတ်နှင့် လက်မောင်းပေါ်သို့ နွေးထွေးသော နေရောင်ခြည် ကျရောက်နေမှုကို ခံစားလိုက်သည်။ ထိုနောက် သူ့မုတ်ဆိတ်မွေးကို ကုတ်ခြစ်ရင်း ရေဘဝဲကို ကြည့်လိုက်သည်။ ရေဘဝဲမှာ ယခု ရေထဲမှ ကျောက်ဆောင် တစ်ခုပေါ်သို့ ရောက်နေသည်။

"ဘာပဲဖြစ်ဖြစ် စကားပြောလို့ ကောင်းတယ်ကွာ... တိုပို..."

အာသာက ပြောရင်း ရေဘဝဲကို လက်ဝှေ့ ယမ်းပြလိုက်သည်။

***

# အခန်း (၁)

မှတ်ဉာဏ်က အရောင်အသွေးမပါပဲ အနက်ရောင် မီးခိုးရောင်နှင့် ကြည်လင် တောက်ပသော အဖြူရောင် အရိပ်များ ချည်း သက်သက်သာ ဖြစ်နေ၏။ အစပိုင်းကတော့ အမြဲတမ်းလိုလို တစ်ပုံစံတည်း ဖြစ်သည် ။ အဖြူရောင် မျဉ်းကွေးကြီး ပုံစံဖြစ်နေသော နေမင်းကြီးက မိုးကုပ်စက်ဝိုင်းဆီမှ စတင် ထွက်ပြူလာသည် ။ လေထုက အေးစိမ့်နေပြီး သူ့ကို အဝတ်နှင့် ထုပ်ပိုး ထားသော်လည်း ချမ်းနေသည် ။

သူ မှတ်မိသလောက်က ဤမျှသာပင်။

မင်း အသက် သုံးနှစ် မပြည့်မချင်း မှတ်ဉာဏ်တွေကို ပုံမဖော် နိုင်သေးဘူးလို့ သူတို့ က ပြောတယ်။ ဒါမှ မဟုတ် အနည်းဆုံး အသက်သုံးနှစ် မတိုင်မီက ဖြစ်ပျက်ခဲ့တာတွေကို ဘာတစ်ခုမှ မှတ်မိမှာ မဟုတ်ဘူးတဲ့ ။

ဒါဟာ အာသာကာရီ၏ ဖြစ်ပျက်ခဲ့ပုံ ဖြစ်သည် ။ သူ့မိခင်အကြောင်း အစောဆုံး မှတ်ဉာဏ်... တစ်ခုတည်းသော သူမအကြောင်း မှတ်ဉာဏ်က အမှန်တကယ်ပင် သူအသက်သုံးနှစ် အရွယ်က အမှတ်သညာ ဖြစ်ပေလိမ့်မည်။

သူဟာ ဆိပ်ခံ တံတား တစ်ခုပေါ်မှာ ရှိနေသည် ။

ဆိပ်ခံတံတား...။

ထို့နောက် အမျိုးသမီးတစ်ဦး။ သူမ၏ ဆံပင်များက ရှည်လျားသည် ။ သူမ၏ မျက်နှာကိုလည်း သူမြင်ရသည် ။ သို့သော် ပုံပန်းသွင်ပြင်က အမှတ်ရ ခက်နေပြီး ထုဆစ်၍ မပြီးသေးသော ရုပ်ထုလို ဖြစ်နေသည် ။ သူမ၏ အမူအရာကိုသာ သူအများ ဆုံး မှတ်မိနိုင်ခဲ့သည် ။ သူမက သူ့ကို ပြုံးပြနေသည် ။ အပြုံးထဲတွင် ကြင်နာမှုများ ပါဝင်နေခြင်းကို သူခံစားရသည် ။ ထို့အပြင် သူ အခြား ခံစားချက် တစ်မျိုးကိုလည်း ခံစားနေရသည် ။

ဝမ်းနည်းတာလား...။

ဟုတ်တယ်... ဝမ်းနည်းတာ။ ငိုလည်း ငိုနေတယ်။ ဝမ်းပန်းတနည်း ငိုနေတာ။

တစ်ယောက်ယောက်ဟာ သူ မလုပ်ချင်ပေမဲ့ အခြား ရွေးချယ်စရာ မရှိမှန်းသိနေလို့ ကြေကွဲ ပူဆွေးနေတဲ့ ငိုကြွေးသံပဲ။

သို့သော် ငိုကြွေးနေသူမှာ သူမဟုတ်သလို မျက်ရည်များကလည်း သူ့မျက်ရည်များ မဟုတ်ပေ။

ထိုအမျိုးသမီးပင် ဖြစ်သည် ။ သူမ ငိုကြွေးနေသည် ။

အမျိုးသား တစ်ဦးက သူမ နံဘေးတွင် ရပ်နေသည် ။

သူ့မှတ်ဉာဏ်ထဲမှ ထိုအမျိုးသားကိုတော့ အာသာ ကောင်းစွာ သိနေ၏။ ထိုအမျိုးသား၏ မျက်နှာမှာ သူ့ဖခင်တွန် ဖြစ်၏။

အမျိုးသမီးက သူ့ကို တင်းကျပ်စွာ ပွေ့ချီထားခြင်းကို အာသာ မှတ်မိနေသည် ။ သူမနှင့် မျက်နှာချင်း ထိကပ်နေပြီး သူမပါးပြင်ပေါ်မှ စီးကျလာသော မျက်ရည်စီးကြောင်းက အာသာ့ပါးပေါ်သို့ ကျလာသည် ။

ထူးဆန်းသော အမျိုးသမီးနှင့် သူ့ဖခင်တို့ မှာ စကားများ ပြောနေကြ

သည် ။ ထိုစကားများ ကိုတော့ သူမ မှတ်မိနိုင်ပေ။ သူတို့ က သူ့အား စကားပြောနေခြင်း မဟုတ်မှန်းကိုသာ အာသာ သေချာသိနေ၏။ သူက သူတို့ နှစ်ယောက်လုံးကို စူးစမ်းစွာ ကြည့်နေသည် ။ သူတို့ ၏ အမူအရာများက ဝမ်းနည်းနေပြီး စကားသံများကလည်း ပူပန်သောကကို လှုံ့ဆော် ပေးနေသည် ။ ပင်လယ်ရေလှိုင်းလုံးက သူ့ခြေထောက်အောက်မှ ဆိပ်ခံတံတားကို ရိုက်ခတ် လာသည် ။ ပင်လယ်ရေများက ရာသီဥတု ဒဏ်ခံထားရသည့် သစ်သားပေါ်သို့ ပက်ဖျန်းနေကြ၏။ ကလေးငယ် အရွယ်သာ ရှိသေးသော်လည်း ရေများက သူ့အတွက် စွဲမက်ဖွယ်ရာ ဖြစ်နေသည် ။ ပင်လယ်ရေများက သူ့ကို ဆွဲဆောင်နေသည် ။ သူ့ခြေထောက်ကို ပင်လယ်ရေများ ထိတွေ့သည့် ခံစားချက်အား အမှတ်ရနေဆဲ ဖြစ်သည် ။

မျက်ရည်များ ပိုကျဆင်း လာသည် ။

ဝမ်းနည်း ပူဆွေးနေသော စကားသံများ ပိုများ လာသည် ။

ထိုအမျိုးသမီးက အာသာ့ကို တင်းတင်းကျပ်ကျပ် ဖက်ထား လိုက်သည် မှာ ပေါက်ထွက်တော့ မလားပင် ထင်ရ၏။

အမျိုးသားမှာ ညည်းတွား နေသည် ။

ထို့နောက်တွင် အမျိုးသမီးက သူ့နဖူးပြင်ပေါ်သို့ အနမ်း တစ်ချက် ပေးသည် ။ သူမ၏ နှုတ်ခမ်းများက အေးစက်နေသည် ။ လက်တစ်ဖက်က သူ့ပါးပြင်ကို ထိတွေ့ရင်း ဆံပင်ခွေလေးကို အသာအယာ ဖယ်ရှားပေးသည် ။

ထိုနောက် အမျိုးသမီးက သူ့ဖခင်ကို နမ်းသည် ။ ပြီးသော် သူတို့ နှင့် ဝေးရာသို့ လှည့်ထွက်သွားပြီး သူမ၏ အရှေ့မှ အပြောကျယ်လှသော ပင်လယ်ပြင်ကြီးကို ကြည့်လိုက်၏။ ထိုအမျိုးသမီးမှာ ဖအေနှင့် သားရှိရာ

သို့ ပြန်လှည့် မကြည့်တော့ခြင်းကို သူအံ့သြမိသည် ။

သူမမှာ ရေထဲသို့ ထိုးဆင်းသွားပြီး နောက်ထပ် ဘယ်တော့မှ မတွေ့ရတော့ပေ။

***